Message Four

# ခရစ်တော်နှင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို သိကျွမ်းခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊၃း၁၀၊၁၂-၁၄။ ယော၊၁၁း၂၅။ တ၊၂း၂၄။ ၂ကော၊၁း၈-၉။ ဗျာ၊၁း၁၇ခ-၁၈။ ၂း၈

## I. ပေါလုသည် ခရစ်တော်ကို သိကျွမ်းရန် ဆန္ဒပြင်းပြခဲ့သည်- ဖိ၊၃း၁၀။

A. ဖိလိပ္ပိစာစောင်၌ အဓိကကျသော အကြောင်းအရာမှာ ခရစ်တော်ကို အတွင်းပိုင်း သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း ဖြစ်သည် - ၂း၂၊ ၅။ ၃း၇-၁၀။ ၄း၁၀၊ ၁၃။

B. ဖိလိပ္ပိ၊၃း၈ ရှိ ခရစ်တော်ကို သိသည့် မြတ်သောပညာကို ရရှိခြင်းမှာ ဖွင့်ပြခြင်းအားဖြင့် ဖြစ်သော်လည်း၊ အငယ်၊၁၀ ရှိ ကိုယ်တော်ကို သိကျွမ်းခြင်းမှာ တွေ့ကြုံခံစားခြင်းအားဖြင့် ဖြစ်သည်။

C. ခရစ်တော်ကို သိသောပညာ၏ သာလွန်ထူးမြတ်ခြင်းသည် ကျွန်ုပ်တို့ သိနားလည်ရသော ခရစ်တော်၏ထူးမြတ်ခြင်း ဖြစ်သည်- အငယ်၊၈။

D. ပေါလုသည် ဦးစွာ ခရစ်တော်၏ဖွင့်ပြခြင်းကို လက်ခံရရှိခဲ့ပြီး၊ ထို့နောက် ခရစ်တော်ကို တွေ့ကြုံခံစားရန် - တွေ့ကြုံခံစားခြင်း နည်းလမ်း၌ ခရစ်တော်ကို သိကျွမ်းရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ရှာဖွေခဲ့သည်။

E. ဖိလိပ္ပိ၊၃း၁၀ ရှိ *သိကျွမ်း* ဟူသော စကားလုံးမှာ *တွေ့ကြုံခံစား* ဟူသောစကားလုံးနှင့် တူညီသည်။

1. ခရစ်တော်ကို သိကျွမ်းရန် ဆိုသည်မှာ ကိုယ်တော်ကို တွေ့ကြုံခံစားရန်၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ကိုယ်တော်၌ ပါဝင်ဆက်ဆံရန်နှင့် ကိုယ်တော်ကို စားသောက်ဆက်ဆံရန်ဟု ဆိုလိုသည်- အငယ်၊၉-၁၀။
2. ထို့ကြောင့် ခရစ်တော်ကို သိကျွမ်းရန် ဆိုသည်မှာ ကိုယ်တော်ကို တွေ့ကြုံခံစားခြင်းအားဖြင့် ကိုယ်တော်ကို နားလည်သဘောပေါက်ရန် ဖြစ်သည်-အငယ်၊၈။

F. ခရစ်တော်ကို သိကျွမ်းရန် ဆိုသည်မှာ ကိုယ်တော်နှင့်စပ်လျဉ်းသည့် အသိပညာရှိရုံမျှသာ မဟုတ်ဘဲ၊ ကိုယ်တော်၏ဖြစ်ခြင်း ပုဂ္ဂိုလ်တော်ကို အမြတ်ရရန် ဖြစ်သည်- အငယ်၊၈။ ၂ကော၊၂း၁၀။ ညွှန်း၊ ကော၊၂း၉၊ ၁၆-၁၇။

1. တစ်စုံတစ်ရာကို အမြတ်ရရန် အဖိုးအခပေးခြင်း လိုအပ်သည်- ဖိ၊၃း၇-၈။
2. ခရစ်တော်ကို အမြတ်ရရန် ဆိုသည်မှာ အဖိုးအခပေးခြင်းအားဖြင့် ကိုယ်တော်၏စစ်၍ မကုန်နိုင်သော ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားရန်၊ မွေ့လျော်ဝမ်းမြောက်ရန်နှင့် ရယူပိုင်ဆိုင်ရန် ဖြစ်သည်-ဧ၊၃း၈။ ညွှန်း၊ ဗျာ၊၃း၁၈။
3. ခရစ်ယာန်အသက်တာသည် ကိုယ်တော်၏အရာအားလုံးပါဝင်ခြင်း၌ ခရစ်တော်ကို အမြတ်ရရှိသောအသက်တာဖြစ်သည် - ဧ၊၃း၈။
   a. ပေါလုသည် ခရစ်တော်ကို အလွန်တရာ တွေ့ကြုံခံစားခြင်းနှင့် အမြတ်ရခြင်းရှိခဲ့ပြီးဖြစ်သော်လည်း၊ သူသည် ကိုယ်တော်ကို အပြည့်အဝ တွေ့ကြုံခံစားခြင်း သို့မဟုတ် ကိုယ်တော်ကို အဆုံးစွန်ထိ အမြတ်ရခြင်း ရှိခဲ့ပြီဟု မမှတ်ယူခဲ့ပေ- ဖိ၊၃း၁၂။
   b. ပေါလုသည်- ခရစ်တော်ကို အပြည့်ဝဆုံးသော အတိုင်းအတာထိ အမြတ်ရရှိခြင်း - ပန်းတိုင်ဆီသို့ ဆက်လက် တက်လှမ်းနေဆဲဖြစ်သည်- အငယ်၊၁၂-၁၄။
4. ခရစ်တော်ကို အပြည့်ဝဆုံးသောအတိုင်းအတာထိ အမြတ်ရနိုင်ရန်အလို့ငှာ၊ ပေါလုသည် ဂျူးဘာသာတရား၌ သူ၏ တွေ့ကြုံခံစားမှုကို စွန့်လွှတ်ခဲ့ရုံသာမက၊ ယခင် သူ၌ရှိခဲ့သော ခရစ်တော်၏တွေ့ကြုံခံစားမှုများ၌လည်း စွဲကျန်မနေတော့ပေ- အငယ်၊၇-၈၊ ၁၃။
   a. ကျွန်ုပ်တို့၏အတိတ်က တွေ့ကြုံခံစားမှုများသည် မည်မျှစစ်မှန်ပါစေ ၎င်းတို့ကို မမေ့ပစ်ဘဲ စွဲကျန်နေပါက၊ ၎င်းတို့သည် ခရစ်တော်ကို ကျွန်ုပ်တို့ ရှေ့ဆက် ဆည်းပူးခြင်းကို နှောင့်ယှက်ဟန့်တားနေပါသည် - အငယ်၊၁၃။ ဟေဗြဲ၊ ၆း၁က။

b. ခရစ်တော်သည် စစ်၍မကုန်နိုင်အောင် ကြွယ်ဝပြီး၊ ရယူပိုင်ဆိုင်နိုင်ခြင်းငှာ ကိုယ်တော့် ကြွယ်ဝခြင်းများ၏ နယ်ပယ်မှာ ကျယ်ပြောလှသောကြောင့်၊ ပေါလုသည် ဤနယ်ပယ်၏ အဆုံးစွန်သောနေရာထိ ရောက်ရှိရန် ရှေ့သို့ လှမ်းကမ်းခဲ့သည်- ဧ၊၃း၈။ ဖိ၊၃း၁၃။

G. ခရစ်တော်ကို သိကျွမ်းခြင်းမှာ ကိုယ်တော်၌ မြင်တွေ့ခံရခြင်း၏ရလဒ် ဖြစ်သည်-အငယ်၊၉-၁၀။

1. "ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ရသောဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်းကြောင့် ဘုရားသခင်ထံမှရသော ဖြောင့်မတ်ခြင်း"သည် ပေါလုအား ခရစ်တော်ကို သိကျွမ်းစေခဲ့သည်- အငယ်၊၉။

2. ကျွန်ုပ်တို့၏ကိုယ်ပိုင်အားထုတ် လုပ်ဆောင်မှုဖြင့် ရသော ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်ကို မသိကျွမ်းစေပါ။ ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင်အားထုတ်မှုဖြင့် ပို၍လုပ်ဆောင်လေလေ၊ ခရစ်တော်ကို သိကျွမ်းခြင်း မရှိလေလေဖြစ်သည်-အငယ်၊၉က။

## II. ပေါလုသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို သိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန် ဆန္ဒပြင်းပြခဲ့သည်- အငယ်၊၁၀။

A. ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ကိုယ်တော်ကို သေခြင်းမှ ထမြောက်စေခဲ့သည့် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက် ဖြစ်သည်-ဧ၊၁း၁၉-၂၀။

B. ခရစ်တော်ကိုယ်တော်တိုင်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်-ယော၊၁၁း၂၅။

1. "ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍၊ ကာလအစဉ်အဆက်အသက်ရှင်သောသူဖြစ်၏။ သေခြင်းနှင့် မရဏာနိုင်ငံ၏သော့တို့ကိုလည်းငါပိုင်၏"-ဗျာ၊၁း၁၇ခ-၁၈။

a. ကျဆင်းခြင်းကြောင့် သေခြင်းသည် ဝင်ရောက်လာခဲ့ပြီး ယခုတွင် အယောက်တိုင်းကို မရဏာနိုင်ငံအထဲသို့ စုသိမ်းရန် လုပ်ဆောင်နေသည်။

b. သေခြင်းနှင့် မရဏာနိုင်ငံ၏သော့များသည် သေပြီး ရှင်ပြန်ထမြောက်ခဲ့သော ကျွန်ုပ်တို့ကယ်တင်ရှင်၏ လက်တော်၌ ရှိသည်-အငယ်၊၁၈။

2. "အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ တည်းဟူသော၊ အရင်သေ၍ တစ်ဖန် အသက်ရှင်သောသူ၏အမိန့်တော်ကား"-၂း၈။

a. *တစ်ဖန် အသက်ရှင်သည်* ဆိုသည်မှာ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည်။

b. သခင်ဘုရားသည် သေခြင်းကို ခံစားခဲ့ပြီး၊ တစ်ဖန် အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် သေခြင်းအထဲသို့ ဝင်ရောက်သွားခဲ့သော်လည်း၊ သေခြင်းသည် ကိုယ်တော်ကို ကိုင်စွဲမထားနိုင်ပါ၊ အကြောင်းမှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သောကြောင့်တည်း-တ၊၂း၂၄။ ယော၊၁၁း၂၅။

c. ခရစ်တော်သည် မရဏာနိုင်ငံအထဲသို့ သွားရောက်ခဲ့သည်၊ သေခြင်းကို ဖြတ်ကျော်၍၊ သေခြင်းကို အောင်မြင်ခဲ့ကာ၊ သေခြင်းထဲမှ အောင်မြင်စွာ ထွက်လာခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်-ညွှန်း ၁ပေ၊၃း၁၈-၂၂။

3. ရှင်ပြန်ထမြောက်ခြင်း ဆိုသည်မှာ လူတစ်ဦးဖြစ်သော -ကျွန်ုပ်တို့၏သခင်ယေရှု- သည် အတားအဆီးများ၊ ၎င်းတို့ထဲမှ အကြီးမားဆုံးသော အတားအဆီးဖြစ်သည့် သေခြင်းကိုပင် ထိုးဖောက်ကျော်လွှားခဲ့ကြောင်း ဆိုလိုသည် - တ၊၂း၂၄။ ဧ၊၁း၁၉-၂၀။

a. သခင်ဘုရား၏ရှင်ပြန်ထမြောက်ခြင်းသည် ဇာတိဆိုင်ရာနယ်ပယ်၏အတားအဆီးအားလုံးကို ချိုးဖျက်ခဲ့သည်။ ထို့ကြောင့် ယေရှုသည် နေရာနှင့် အချိန်အပါအဝင် မည်သည့်အရာဖြင့်မျှ ချည်နှောင်ခံရခြင်း မရှိတော့ပါ - ညွှန်း၊ ယော၊၇း၆-၈။

b. ကျွန်ုပ်တို့၏ အကြီးမားဆုံးသောကန့်သတ်ချက်များမှာ နေရာနှင့် အချိန် ဖြစ်သော်လည်း၊ ဤအရာနှစ်ခုသည် ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ကန့်သတ်နိုင်ခြင်းမရှိပါ။

c. သေခြင်းသည် အကြီးမားဆုံးသော ကန့်သတ်ခြင်း ဖြစ်သော်လည်း၊ ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းကို အောင်မြင်ခဲ့သည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် အကြီးမားဆုံးသောတန်ခိုးတော်ဖြစ်သည်-ဖိ၊၃း၁၀။ ဧ၊၁း၁၉-၂၀။

C. ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းအားဖြင့် ထိခိုက်၊ ဒဏ်ရာရခြင်း မရှိဘဲ သေခြင်းကို အောင်မြင်သောအသက်ဖြစ်သည်- ယော၊၁၁း၂၅။ ဗျာ၊၁း၁၇ခ-၁၈။ ၂း၈။

   1. သေခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် တစ်စုံတစ်ရာ လုပ်ဆောင်ရန် တန်ခိုးကင်းမဲ့သည်- တ၊၂း၂၄။
   2. သေခြင်းသည် အခြားသော အသက်အမျိုးအစားများအပေါ် ထိခိုက်ဒဏ်ရာအမျိုးမျိုးကို ဖြစ်စေနိုင်သည်။ အသက် အမျိုးအစား တစ်မျိုးသာလျှင် သေခြင်းအားဖြင့် ထိခိုက်မခံရနိုင်ပါ၊ ၎င်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်ဖြစ်သည်-ယော၊ ၁၁း ၂၅။ ဖိ၊၃း၁၀။
      a. ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းကို ဖြတ်ကျော်ပြီး သေခြင်းအားဖြင့် ကိုင်စွဲမထားနိုင်သောအသက်ဖြစ်သည်။
      b. သမ္မာကျမ်းစာ၏ ပြည့်စုံသောဖွင့်ပြခြင်းအရ ဘုရားသခင်ကိုယ်တော်တိုင်သည် ရှင်ပြန်ထမြောက်ခြင်းအသက် ဖြစ်သည်- ရော၊၄း၁၇။

D. ဝိညာဉ်တော်သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ထမြောက်ခြင်းတန်ခိုးတော်၏ စစ်မှန်ခြင်းဖြစ်သည်-ဧ၊၁း၉-၁၁။ ၁ကော၊၁၅း၄၅ခ။ ၁ယော၊၅း၆။

   1. ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်ကို တွေ့ကြုံခံစားနိုင်ရန်အလို့ငှာ၊ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့ကြောင်းကို ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်-၁ကော၊၁၅း၄၅ခ။
   2. ရှင်ပြန်ထမြောက်ခြင်း၏ အမြင့်ဆုံးသောအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ထိုဖြစ်စဉ်အားဖြင့် နောက်ဆုံးသောအာဒံ ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။
   3. ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းမှာ ကိုယ်တော်၏ယုံကြည်သူများအထဲသို့ ဝင်ရောက်နိုင်ရန်အလို့ငှာ အသက်ပေးသော ဝိညာဉ်တော်အဖြစ် ကိုယ်တော်၏ အဆင်းသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်သည်- အငယ်၊၄၅ခ။ ယော၊၂၀း၂၂။

E. ရှင်ပြန်ထမြောက်ခြင်း၏ မူအလေ့အလာမှာ ဇာတိအသက်သည် သေစေခြင်းခံရပြီး၊ ဘုရားအသက်သည် ဇာတိအသက်နေရာ၌ နိုးထထွက်ပေါ်လာခြင်း ဖြစ်သည်-၂ကော၊၁း၈-၉။

   1. သေခြင်းကို ဖြတ်ကျော်ပြီးနောက် ဆက်လက်တည်ရှိနေသောအရာမှာ ရှင်ပြန်ထမြောက်ခြင်း ဖြစ်သည်-ဗျာ၊၂း၈။
   2. ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ သေခြင်းမှ ထွက်ပေါ်လာပြီး၊ ဇာတိဆိုင်ရာနယ်ပယ်ထက် ကျော်လွန်သော တစ်စုံတစ်ရာ ဖြစ်သည်-တ၊၂း၂၄။
   3. ရှင်ပြန်ထမြောက်ခြင်း ဆိုသည်မှာ မည်သည့်အဖြစ်အပျက် သို့မဟုတ် အခြေအနေမျှ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အသက်ကို ရရှိထားသော ကျွန်ုပ်တို့အား ဖိနှိပ်ချုပ်နှောင်၍ မရနိုင်ကြောင်း ဆိုလိုသည်-၂ကော၊၁း၈-၉။
   4. ရှင်ပြန်ထမြောက်ခြင်း၌ ရှိခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏ဇာတိအသက်သည် ကားတိုင်တွင် အသေသတ်ခြင်းခံရပြီး၊ ကျွန်ုပ်တို့ဖြစ်ခြင်း၏ ဘုရားဖန်ဆင်းထားသောအပိုင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ မြှင့်တင်ခံရကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည်-ရော၊၆း၄-၆။
   5. ကျွန်ုပ်တို့သည် မိမိတို့၏ဇာတိအသက်အားဖြင့် အသက်မရှင်ဘဲ၊ အတွင်းရှိ ဘုရားအသက်အားဖြင့် အသက်ရှင်သော အခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကြသည်- ယော၊၆း၅၇။ ရော၊၈း၁၁။

*© 2023 Living Stream Ministry*